မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၆

ဦးကြည်ယုန် နှင့် ၁။ ဦးအိလိယက်(စ်)(ခ)ဦးကျော်ကျော်မိုး
၂။ ဦးမိုဟာမက်အာရှရပ်(ခ)ဦးအောင်မျိုးလှိုင်

<u>တရားလို</u> <u>တရားပြိုင်များ</u>

တရားလိုအတွက် - ဒေါ်နွယ်နွယ်ဝင်း ၊ တရားလွှတ်တော်ရှေ့နေ။
တရားပြိုင်များအတွက် - ဦးစောထိန်သိန်း ၊ တရားလွှတ်တော်ရှေ့နေ။

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

## <u>စီ ရင် ချက်</u>

တရားလိုဦးကြည်ယုန်က တရားပြိုင်ဦးအိလိယက်(စ်)(ခ)ဦးကျော်ကျော်မိုးပါ-၂ဦး အပေါ် KLASORကုန်အမှတ်တံဆိပ်၏ဘူးဒီဇိုင်းကိုဆင်တူရိုးမှားထင်ယောင်ထင်မှားအတုအပ ပြုလုပ်ရောင်းချခြင်းမပြုရန်ထာဝရတားဝရမ်းထုတ်ပေးစေလိုမှုနှင့်နစ်နာကြေးငွေကျပ်သိန်းတစ် သောင်းနှစ်ရာရလိုမှုစွဲဆိုသည်။

အဆိုလွှာတွင် တရားလိုသည် KLASORအမည်ဖြင့် အင်္ကျီ၊ ဘောင်းဘီရှည်၊ အတွင်း ခံဘောင်းဘီ၊ ဆွယ်တာ၊ စွပ်ကျယ်အစရှိသည်တို့ကို ၂၀၁၄ခုနှစ်ကတည်းက အမည်ကောင်းသတင်း များဖြင့်ထုတ်လုပ်ဖြန့်ချီသည့်လုပ်ငန်းကိုလုပ်ကိုင်ခဲ့ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးရှင်ငြိမ်းအမည်ဖြင့်၊ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးကြည်ယုန်အမည်ဖြင့် ၂၀၁၆ ခုနှစ်က မှတ်ပုံတင်ထားပြီး ထုတ်ပိုးသည့်ဘူးပုံစံ၊ ဘူးဒီဇိုင်းအမျိုးမျိုးတို့ကိုမှတ်ပုံတင်ထားရှိကြောင်း၊ အမျိုးသားဝတ်အတွင်းခံဘောင်းဘီဘူးခွံပေါ်တွင် အမျိုးသားတစ်ဦးမှကျားခေါင်းတံဆိပ်ပါ အတွင်း ခံဘောင်းဘီဝတ်ထားသည့်ပုံကို အောက်ခံအဖြူရောင်၊ အမည်းရောင်(၂)မျိုးဖြင့်လည်းကောင်း၊ ဘူး၏ အောက်ခြေပိုင်းတွင် အစိမ်းရောင်ဝါးရုံတောအောက်ခံပေါ်၌ BAMBOO FIBER ဟုလည်းကောင်း၊ ဘေးဘယ်ညာဘက်တို့တွင် ပန်းကနုတ်ပုံများဖြင့်အလှပုံဖော်ထားပြီး ဘယ်ဘက်ထောင့်မှန်စတုဂံ

မိတ္တူမှန်ကြောင်း စာရေး

အတွက်တွင်း၌ No- SIZE ဟုလည်းကောင်းဖော်ပြကာ မှတ်ပုံတင်ထားပြီး ၃၁. ၇. ၂၀၁၆ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာနှင့် ၃. ၈. ၂၀၁၆ရက်နေ့ထုတ် သံလွင်ကြော်ငြာအချပ်ပိုတို့တွင် တုပရောင်းချခြင်းမပြုလုပ်ရန်ကြော်ငြာထားကြောင်း၊ တရားလိုရောင်းချနေသည့်ဘူးဒီဇိုင်းအမှတ်အသားနှင့်ပုံစံ အရွယ်အစားတူသည့်အတွင်းခံဘောင်းဘီအမျိုးအစားကို တရားပြိုင်များက ROCKET အမည်ဖြင့်ဖြန့်ဖြူးရောင်းချနေကြောင်း၊ ROCKET တံဆိပ်ကိုသာမှတ်ပုံတင်ထားပြီးထုတ်ပိုးမှုပုံစံဘူးဒီဇိုင်းကိုမှတ်ပုံတင်ထားခြင်းမရှိဘဲ တရားလို၏ဘူးပုံစံနှင့်ဆင်တူယိုးမှားပြုလုပ်ထားကြောင်း၊ ထုတ်ပိုးမှုပုံစံပြောင်းလဲပေးရန်နှင့်ဈေးကွက်အတွင်းမှပုံစံတူကုန်ပစ္စည်းများကိုသိမ်းဆည်းပေးရန် ၂၄. ၈. ၂၀၁၆ရက်နေ့က အကြောင်းကြားစာပေးပို့ခဲ့ရာ တရားပြိုင်များက ၎င်းတို့ကိုယ်ပိုင်စိတ်ကူးဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး တုပပြုလုပ်ခြင်းမဟုတ်ဟု ၂၈. ၈. ၂၀၁၆ရက်နေ့ကပြန်ကြားလာကြောင်း၊ တရားပြိုင်တို့က ဈေးနှုန်းလျှော့ချရောင်းချသဖြင့် ရောင်းအားကျဆင်းသွားခဲ့ပြီး (၁)လလျှင်ကျပ်သိန်း(၃၀)ခန့်ဆုံးရှုံးရကာ (၂၈)လအတွက် ကျပ်သိန်း(၈၄၀)ခန့်ဆုံးရှုံးကြောင်း၊ တရားလို၏ဘူးဒီဇိုင်းကိုတုပဖြန့်ဖြူးနေသည့် တရားပြိုင်များအားဆက်လက်သုံးစွဲဖြန့်ဖြူးခြင်းမပြုရန်ထာဝရတားမြစ်မိန့်ချမှတ်ပေးသင့်ကြောင်း၊ နစ်နာကြေးငွေကျပ်သိန်း(၁၀၂၀၀)ရထိုက်ကြောင်း အဆိုပြုထားသည်။

ချေလွှာတွင် တရားလိုဘက်အဆိုပြုချက်များကို တရားလိုမှသက်သေပြရန်ဖြစ်ကြောင်း၊ တရားပြိုင်များက ROCKET ကုန်အမှတ်တံဆိပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၂၄၈၁/၂၀၁၆ဖြင့် မှတ်ပုံတင်ထားပြီး သတင်းစာတွင်အသိပေးကြေညာကာအသုံးပြုခြင်းဖြစ်ကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်အားတုပဖြန့်ဖြူးရောင်းချခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ်များမှာ မျက်မြင်အနေအထားအရပင်ကွဲပြားကြောင်း၊ တရားလိုသည် သာမန်နစ်နာကြေးတောင်းဆိုခြင်းမဟုတ်၍ နစ်နာကြေးခံစားထိုက်ခြင်းမရှိကြောင်းချေပသည်။

အဆိုအချေတို့အရ အောက်ပါငြင်းချက်များကိုထုတ်နုတ်ခဲ့သည်။ ယင်းတို့မှာ-

၁။ တရားလိုထုတ်လုပ်ဖြန့်ချိရောင်းချနေသည့် အမျိုးသားအတွင်းခံအားထုတ်ပိုးသည့်ဘူးဒီဇိုင်းကို တရားပြိုင်များက ပုံစံတူဆင်တူရိုးမှားတုပကာထုတ်လုပ်ရောင်းချလျက်ရှိသည်ဆိုခြင်းမှာ မှန်ပါလား။

၂။ ငြင်းချက်အမှတ်(၁)သည် မှန်ကန်ပါက တရားလိုမှာ တစ်လလျှင်ကျပ်သိန်း(၃၀)ခန့်ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်နေရသည်ဆိုခြင်းမှာ မှန်ပါသလား။

၃။ အချင်းဖြစ်ကိစ္စအတွက် တရားလိုက တရားပြိုင်များအပေါ်၌ထာဝရတားဝရမ်းရရှိထိုက်ပါသလား။

၄။ တရားလိုသည် နစ်နာကြေးငွေကျပ်သိန်းပေါင်း(၁၀၂၀၀)ကို ရထိုက်ခွင့်ရှိသည်ဆိုခြင်းမှာ မှန်ပါသလား။

၅။ တရားလိုသည် မည်သည့်သက်သာခွင့်ကိုရထိုက်ပါသနည်း ဟုဖြစ်သည်။

မိတ္တူမှန်

ဒေါ်စန္ဒာအောင်
၂၂.၂.၂၀၁၉

မိတ္တူကူးစာရေး

ယခုအခါတွင် နှစ်ဖက်သက်သေများကိုစစ်ဆေးပြီးဖြစ်ကာ အပြီးသတ်လျှောက်လဲချက်ကိုလည်းကြားနာပြီးဖြစ်၍ အဆိုပါငြင်းချက်များအပေါ် အောက်ပါအတိုင်းဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ်(၁)</u>

တရားလိုက KLASOR အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်အတွင်းခံဘောင်းဘီများကိုထုတ်လုပ်ရောင်းချလျက်ရှိသကဲ့သို့ တရားပြိုင်များကလည်း ROCKET အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်အတွင်းခံဘောင်းဘီများထုတ်လုပ်ရောင်းချလျက်ရှိပြီး ၎င်းတို့၏ကုန်အမှတ်တံဆိပ်၏အမည်(Trademark Name)နှင့် ပုံစံ(Trademark Design)တို့မှာ အမြင်အားဖြင့်သိသာစွာကွဲပြားမှုရှိသည်မှာ အမှုတွင်အငြင်းပွားခြင်းမရှိသောကြောင့် ဤငြင်းချက်နှင့်စပ်လျဉ်း၍တရားလို၊တရားပြိုင်တို့အသုံးပြုကြလျက်ရှိသောဘူးဒီဇိုင်းကို တရားလိုကဦးစွာအသုံးပြုခြင်းဟုတ်-မဟုတ်ဆိုသောအချက်နှင့်တရားလိုကထုတ်ပိုးရောင်းချသည့်ဘူးဒီဇိုင်းကို တရားပြိုင်များကပုံစံတူဆင်တူရိုးမှားပြုလုပ်ကာအသုံးပြုခြင်းဟုတ်-မဟုတ်ဆိုသောအချက်တို့ကိုသာ အဓိကစိစစ်ရန်လိုအပ်မည်ဖြစ်သည်။

တရားလိုက ကျားခေါင်းပုံနှင့် KLASOR စာသားပါရှိသည့်ကုန်အမှတ်တံဆိပ်ကို ၁၇. ၁၂. ၂၀၁၃ရက်နေ့က ရန်ကုန်မြို့တွင် မှတ်ပုံတင်သွင်းခဲ့ပြီး ၂၀၁၄ခုနှစ်၊ (၆)လပိုင်းမှစ၍ မြန်မာတစ်နိုင်ငံလုံးသို့ဖြန့်ချိရောင်းချခဲ့ခြင်းဖြစ်ကြောင်းထွက်ဆိုသည်။ ၎င်း၏ဇနီးဖြစ်သူဒေါ်ခင်မေဝင်း(လိုပြ-၁)ကလည်း ထိုသို့ပင်ထွက်ဆိုသည်။

၁-တရားပြိုင်ဦးကျော်ကျော်မိုးနှင့် ၂-တရားပြိုင်ဦးအောင်မျိုးလှိုင်တို့က ROCKET အမှတ်တံဆိပ်ကို မည်သည့်အချိန်ကစတင်ထုတ်လုပ်အသုံးပြုခြင်းဖြစ်ကြောင်း အဓိကစစ်မေးစဉ်ကထွက်ဆိုကြခြင်းမရှိချေ။ ဦးအောင်မျိုးလှိုင်က ROCKET အမှတ်တံဆိပ်ကိုအသုံးပြုသည်မှာ (၄)နှစ်ခန့်ရှိပြီဟုထွက်ဆိုသည်။ ၎င်းကို ၂၀၁၉ခုနှစ်၊ (၈)လပိုင်းကစစ်ဆေးခြင်းဖြစ်ရာ ၂၀၁၅ခုနှစ်ခန့်က အသုံးပြုသည့်သဘောဖြစ်သည်။

ဦးကျော်ကျော်မိုးကို ပြန်လှန်စစ်မေးရာတွင် KLASOR အမှတ်တံဆိပ်ပစ္စည်းများကို ၂၀၁၄ခုနှစ်က စတင်၍ တရားလိုထံမှဝယ်ယူရောင်းချခဲ့သည်မှာ မှန်ကန်ကြောင်းဝန်ခံထားသည်။ ၁-တရားပြိုင်၏ဆိုင်မှဝန်ထမ်းများဖြစ်သော ကိုအောင်ကျော်ကျော်လင်း(ပြိုင်ပြ-၃)နှင့်မနွယ်နီလှိုင်(ပြိုင်ပြ-၄)တို့ကို ပြန်လှန်စစ်မေးချက်အရ KLASOR အမှတ်တံဆိပ်ကို ၂၀၁၄ခုနှစ်ကတည်းကအသုံးပြုနေခြင်းဖြစ်ပြီး ROCKET အမှတ်တံဆိပ်ကို ၂၀၁၆ခုနှစ်ကမှထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။

အဆိုပါသက်သေခံချက်များအရ တရားလို၏ကုန်အမှတ်တံဆိပ်မှာ တရားပြိုင်၏ကုန်အမှတ်တံဆိပ်ထက် ဦးစွာအသုံးပြုခဲ့ခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။ သို့ဖြစ်ရာ ထုပ်ပိုးရောင်းချသည့်ဘူးခွံများကို တရားလိုက စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု သဘာဝကျကျကောက်ယူနိုင်မည်ဖြစ်သည်။

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

တရားလိုက တရားပြိုင်တို့မှဘူးဒီဇိုင်းကိုပုံစံတူထုတ်လုပ်ရောင်းချနေကြောင်း သိရှိ၍ ပယ်ဖျက်ပေးရန်တရားပြိုင်တို့ကိုပြောကြားခဲ့ရာ ပယ်ဖျက်မပေးနိုင်ကြောင်းငြင်းဆန်သဖြင့် မန်းမြန်မာဈေးခေါင်းရုံးတွင် ၂၀၁၆ခုနှစ်၊ (၇)လပိုင်းကတွေ့ဆုံပြောဆိုခဲ့ကြသည်။ ပြေလည်မှုမရရှိခဲ့ကြချေ။ ထို့နောက်ပိုင်းတွင် မိမိတို့၏ကုန်အမှတ်တံဆိပ်များကို ကိုယ်စီကိုယ်စီမှတ်ပုံတင်သွင်းခဲ့ကြကြောင်းတွေ့ရှိရသည်။

တရားလိုက မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် ၁၀. ၈. ၂၀၁၆ရက်စွဲပါ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ်-၂၄၅၉/ ၂၀၁၆၊ ၂၄၆၀/၂၀၁၆၊ ၂၄၆၁/၂၀၁၆၊ ၂၄၆၂/၂၀၁၆တို့ကိုသက်သေခံ(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့အဖြစ်တင်ပြထားပြီး တရားပြိုင်များက ၁၁. ၈. ၂၀၁၆ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်-၂၄၈၁/ ၂၀၁၆ကို တင်ပြထားသည်။

မှတ်ပုံတင်စာချုပ်အမှတ်-၂၄၅၉/၂၀၁၆တွင် "ဖော်ပြပါကုန်အမှတ်တံဆိပ်၏ပုံသဏ္ဌာန်မှာ အနက်ရောင်အောက်ခံပေါ်တွင် အထက်ပိုင်း၌ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ဘယ်ဘက်နှင့်ညာဘက်တို့တွင် ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ အလယ်ပိုင်းဘယ်ဘက်တွင် ဒေါင်လိုက်ဖြင့် KLASOR ဟုမီးခိုးရောင်ဖြင့်လည်းကောင်း၊ ၎င်း၏အပေါ်အထက်ပိုင်းနား၌ ကျားခေါင်းပုံနှင့် ၎င်း၏အောက်တွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ၎င်း၏ညာဘက်တွင် အမျိုးသားတစ်ဦး၏ကျားခေါင်းပုံပါ အတွင်းခံဘောင်းဘီဝတ်ထားဟန်ကိုလည်းကောင်း၊ ယင်းအမျိုးသား၏ဦးခေါင်းညာဘက်ဘေးနားတွင် MEN'S UNDERWEAR ဟုအနီရောင်အောက်ခံပေါ်၌ အဖြူရောင်ဖြင့်လည်းကောင်း၊ ယင်းအမျိုးသား၏အောက်ခြေနားတွင် အစိမ်းနုရောင်ဝါးရုံအောက်ခံပေါ် BAMBOO FIBER ဟုအပြာရောင်ဖြင့်လည်းကောင်းဖော်ပြထားသည်"ဟုရေးသားဖော်ပြ၍ မှတ်ပုံတင်ထားခြင်းဖြစ်သည်။

မှတ်ပုံတင်အမှတ်-၂၄၆၀/၂၀၁၆တွင် "ဖော်ပြပါကုန်အမှတ်တံဆိပ်၏ပုံသဏ္ဌာန်မှာ အနက်ရောင်အောက်ခံပေါ်တွင် အထက်ပိုင်း၌ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ဘယ်ဘက်နှင့်ညာဘက်တို့တွင် ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊အလယ်ပိုင်းဘယ်ဘက်တွင်ဒေါင်လိုက်ဖြင့် KLASOR ဟုမီးခိုးရောင်ဖြင့်လည်းကောင်း၊၎င်း၏အပေါ်အထက်ပိုင်းနား၌ ကျားခေါင်းပုံနှင့်၎င်း၏အောက်တွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ၎င်း၏ညာဘက်တွင် အမျိုးသားတစ်ဦး၏ကျားခေါင်းပုံပါ အတွင်းခံဘောင်းဘီဝတ်ထားဟန်ကိုလည်းကောင်း၊ ယင်းအမျိုးသား၏ဦးခေါင်းညာဘက်ဘေးနားတွင်MEN'S UNDERWEARဟုအနီရောင်အောက်ခံပေါ်၌ အဖြူရောင်ဖြင့်လည်းကောင်းဖော်ပြထားသည်" ဟုပါရှိသည်။

မှတ်ပုံတင်အမှတ်-၂၄၆၁/၂၀၁၆တွင် "ဖော်ပြပါကုန်အမှတ်တံဆိပ်၏ပုံသဏ္ဌာန်

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာမရေး

မှာ အနက်ရောင်အောက်ခံပေါ်တွင် အထက်ပိုင်း၌ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ဘယ်ဘက်နှင့်ညာဘက်တို့တွင် ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ အလယ်ပိုင်းဘယ်ဘက်တွင် ဒေါင်လိုက်ဖြင့် KLASOR ဟုမီးခိုးရောင်ဖြင့်လည်းကောင်း၊ ၎င်း၏အပေါ်အထက်ပိုင်းနား၌ ကျားခေါင်းပုံနှင့် ၎င်း၏အောက်တွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ၎င်း၏ညာဘက်တွင် အမျိုးသားတစ်ဦး၏ကျားခေါင်းပုံပါ အတွင်းခံဘောင်းဘီဝတ်ထားဟန်ကိုလည်းကောင်း၊ ယင်းအမျိုးသား၏ဦးခေါင်းညာဘက်ဘေးနားတွင် MEN'S UNDERWEAR ဟုအနီရောင်အောက်ခံပေါ်၌ အဖြူရောင်ဖြင့်လည်းကောင်း၊ ယင်းအမျိုးသား၏အောက်ခြေနားတွင် အစိမ်းနုရောင်ဝါးရုံအောက်ခံပေါ်BAMBOO FIBER ဟုအပြာရောင်ဖြင့်လည်းကောင်း၊ ၎င်း၏ဘေးဘယ်ညာဘက်တို့တွင် ပန်းကနုတ်ပုံများဖြင့်အလှပုံဖော်ထားပြီး ဘယ်ဘက်ထောင့်မှန်စတုဂံအတွင်း၌ No-SIZE; ဟုလည်းကောင်း" ဖော်ပြထားသည်။

မှတ်ပုံတင်အမှတ်-၂၄၆၂/၂၀၁၆တွင် "ဖော်ပြပါကုန်အမှတ်တံဆိပ်၏ပုံသဏ္ဍာန်မှာ အနက်ရောင်အောက်ခံပေါ်တွင် အထက်ပိုင်းနှင့်အောက်ပိုင်းတို့တွင်ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ဘယ်ဘက်တွင် အနက်ရောင်အောက်ခံပေါ်၌အထက်တွင် 1 PACKဟုအဖြူရောင်ဖြင့်လည်းကောင်း၊အောက်ဘက်တွင် No ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ညာဘက်တွင် အနက်ရောင်အောက်ခံပေါ်၌ မီးခိုးရောင်ဖြင့် KLASOR ဟုလည်းကောင်း၊ အလယ်ပိုင်းဘယ်ဘက်တွင် ဒေါင်လိုက်ဖြင့် KLASOR ဟုမီးခိုးရောင်ဖြင့်လည်းကောင်း၊ ၎င်း၏အပေါ်အထက်ပိုင်းနား၌ ကျားခေါင်းပုံနှင့် ၎င်း၏အောက်တွင်KLASOR ဟုအဖြူရောင်ဖြင့်လည်းကောင်း၊ ၎င်း၏ညာဘက်တွင် အမျိုးသားတစ်ဦး၏ကျားခေါင်းပုံပါအတွင်းခံဘောင်းဘီဝတ်ထားဟန်ကိုလည်းကောင်း၊ ယင်းအမျိုးသား၏ဦးခေါင်း ညာဘက်ဘေးနားတွင် MEN'S UNDERWEAR ဟုအနီရောင်အောက်ခံပေါ်၌အဖြူရောင်ဖြင့်လည်းကောင်း"၊ "နောက်ကျောဘက်၌ အထက်ပိုင်း၌ အဖြူရောင်တြိဂံပုံ(၂)ခုကိုလည်းကောင်း၊ ၎င်း၏အောက်တွင် ကျားခေါင်းပုံနှင့် ၎င်း၏ဘေးတွင် KLASOR ဟု အနက်ရောင်အပေါ်၌ အဖြူရောင်ဖြင့်လည်းကောင်း၊၎င်း၏ညာဘက်ကပ်လျက်တွင်MEN'S UNDERWEARဟု အနီရောင်အောက်ခံပေါ်၌ အဖြူရောင်ဖြင့်လည်းကောင်း၊ ၎င်းတို့၏အောက်တွင် အဖြူရောင်ဘဲဥပုံသဏ္ဍာန်တစ်ခုကို အနီကွက်လျက်ဖြင့်လည်းကောင်း၊ ၎င်း၏အောက်တွင်-EXAMINATION CERTIFICATE Brand KLASOR , Product name; underwear, Standard; GB/T8878-2014, Test; A-09, Safe category; GB18401-2010 B , Compostion; 95%cottom 5% spandex, Size M L XL XXL ဟုလည်းကောင်း၊ ၎င်း၏အောက်တွင် လျှော်ဖွပ်ရမည့်လမ်းစဉ်များကိုလည်းကောင်း၊ ၎င်း၏အောက်ခြေတွင် ဆယ်သွယ်ရန်ဖုန်းနံပါတ်အဖြစ် TEL; (0095) 011- 202660ဟုလည်းကောင်း" ဖော်ပြပါရှိသည်။

သက်သေခံ(ဝ) ၁၁. ၈. ၂၀၁၆ရက်စွဲပါ မှတ်ပုံတင်အမှတ်-၂၄၈၀/၂၀၁၆၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်တွင် "တံဆိပ်၏ပုံသဏ္ဍာန်မှာ တံဆိပ်အောက်ခံ

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

ကိုအဖြူရောင်ဖြင့်အောက်ခံထားပြီး အမည်အမှတ်တံဆိပ်အား အနက်ရောင်စာလုံးဖြင့် ROCKET ဟူသောစာသားကိုရေးဆွဲဖော်ပြထား၍ ၎င်း၏ဘေးတွင်ဒုံးကျည်ပုံစံအားအနက်ရောင်ဖြင့်ရေးဆွဲဖော်ပြထားပြီး ၎င်းဒုံးကျည်အလယ်တည့်တည့်တွင် အင်္ဂလိပ်စာလုံးကိုအနက်ရောင်ဖြင့် R ဟူသောစာသားကိုရေးဆွဲဖော်ပြထားပါသည်" ဟုပါရှိသည်။

အဆိုပါမှတ်တမ်းများအရ တရားလိုက ကုန်အမှတ်တံဆိပ်နှင့်အတူထုတ်ပိုးသည့်ဘူး၏ဒီဇိုင်းကိုပါမှတ်ပုံတင်သွင်းထားခြင်းဖြစ်ပြီး တရားပြိုင်ဘက်ကမူ ကုန်အမှတ်တံဆိပ်ကိုသာမှတ်ပုံတင်ထားခြင်းဖြစ်ကြောင်းတွေ့ရသည်။ ရက်စွဲများအရ မှတ်ပုံတင်ကြရာတွင် တရားလိုက တရားပြိုင်များထက် (၁)ရက်စောသည်ကိုတွေ့ရသည်။

လက်တွေ့အသုံးပြုနေသော ထုတ်ပိုးသည့်ဘူးခွံများကို သက်သေခံအဖြစ်တင်ပြထားရာ တရားလိုဘက်အသုံးပြုသည်များမှာ သက်သေခံ(င-၄)၊ (င-၅)၊ (င-၆)၊ (င-၇)တို့ဖြစ်ပြီး တရားပြိုင်ဘက်အသုံးပြုသည်များမှာ သက်သေခံ(စ-၄)၊ (စ-၅)၊ (စ-၆)၊ (စ-၇)နှင့်သက်သေခံ(၃၊၄၊၆၊၇၊၈)တို့ဖြစ်သည်။

သက်သေခံ(င-၄)မှာ BAMBOO FIBER အမျိုးအစားဖြစ်ပြီး ဘူးကြီးပုံစံဖြစ်သည်။ အရောင်မှာ အနက်ရောင်ဖြစ်သည်။ ဘူးခွံ၏လက်ဝဲဘက်အထက်ထောင့်တွင် ကျားခေါင်းပုံပါရှိပြီးထိုပုံအောက်တွင် KLASOR ဟူသောစာတန်းပါရှိသည်။ ညာဘက်အထက်ထောင့်တွင် အနီရောင်အကွက်ငယ်၌ MEN'S UNDERWEAR ဟူသောစာတန်းကို အထက်မှအောက်သို့အနေအထားဖြင့်ဖော်ပြထားသည်။ ဘူး၏အောက်ခြေတွင် ဝါးပင်(၃)ပင်နှင့်ဝါးကိုင်းမှအရွက်ထွက်နေသည့်ပုံစံပါရှိပြီး BAMBOO FIBER ဟူသောစာတန်းကိုဖော်ပြထားသည်။ ထိုဘူးခွံပေါ်တွင် မင်းသားအောင်ရဲလင်းက KLASORဘောင်းဘီကိုသာဝတ်ဆင်ထားပြီး ဘယ်ဘက်လက်ကိုကွေး၍ခါးနေရာတွင်နောက်သို့ပစ်ထားသည့်ပုံပါရှိသည်။ ထို့ပြင်ဘယ်ဘက်ဘေးအစွန်တွင် KLASOR ဟူသော စကားလုံးကို စာလုံးကြီးပုံစံဖြင့် အထက်မှအောက်သို့ဖော်ပြသည့်ပုံပါရှိသည်။

တရားပြိုင်တို့အသုံးပြုသည့် သက်သေခံ(စ-၄)ဘူးခွံတွင် ဒုံးပျံပုံနှင့်ROCKET ဟူသောစာသားကို လက်ယာဘက်အထက်ထောင့်တွင်လည်းကောင်း၊ MEN'S UNDERWEAR ဟူသောစာတန်းကိုလက်ဝဲဘက်အထက်ထောင့်တွင်အနီရောင်အောက်ခံပေါ်၌ အထက်မှအောက်သို့ရေးသည့်ပုံစံဖြင့်လည်းကောင်း၊ အောက်ခြေတွင် ဝါးပင်(၂)ပင်ပုံနှင့်ဝါးကိုင်းမှဝါးပင်များထွက်နေသည့်ပုံကိုလည်းကောင်း၊ထိုပုံထဲတွင် BAMBOO FIBER ဟူသောစာတန်းကိုလည်းကောင်း၊ ဘူးခွံပေါ်တွင် နိုင်ငံခြားမင်းသားတစ်ဦးကဘောင်းဘီတိုကိုသာဝတ်ဆင်ထားပြီး ဘယ်ဘက်လက်ကိုကွေး၍ခါးနေရာတွင် နောက်သို့ပစ်ထားသည့်ပုံကိုလည်းကောင်းဖော်ပြထားသည်။

သက်သေခံ(၄)ဘူးခွံတွင် အလားတူအနေအထားမျိုးဖော်ပြပါရှိပြီး မင်းသားဖြစ်သူဝတ်ဆင်ထားသည့်ဘောင်းဘီတိုတွင် ဒုံးပျံပုံနှင့် ROCKET ဟူသောစာတန်းပါရှိသည်။ ဘူးခွံ၏ညာဘက်ဘေးတွင် ROCKET ဟူသောစာလုံးကို အထက်မှအောက်သို့အနေအထားဖြင့်ဖော်ပြ

မိတ္တူမှန်

ထားသည်။ အောက်ခြေရှိဝါးပင်မှာ (၃)ပင်ဖြစ်သည်။

အဆိုပါဘူးဒီဇိုင်းများကိုကြည့်လိုက်ပါက ROCKET တံဆိပ်သည် KLASOR တံဆိပ်ကို လွှဲပြောင်းရယူကာ အသုံးပြုသည့်အနေအထားဖြစ်ကြောင်းတွေ့ရသည်။

သက်သေခံ(င-၅)၊ သက်သေခံ(စ-၇)နှင့်(၈)တို့မှာ အဖြူရောင်ဘူးခွံအသေးပေါ်တွင် BAMBOO FIBER အမျိုးအစားအတွက် ထည့်သွင်းရောင်းချသည့်အနေအထားဖြစ်ပြီး ဝဲဘက်အထက်ထောင့်တွင် အနီရောင်အောက်ခံပေါ်၌ MEN'S UNDERWEAR ဟူသောစာတန်းကို အထက်မှအောက်သို့အနေအထားဖြင့်လည်းကောင်း၊ ညာဘက်ဘေးတွင် KLASOR ဟူသောစာလုံးနှင့် ROCKET ဟူသောစာလုံးအသီးသီးကိုအထက်မှအောက်သို့အနေအထားဖြင့်လည်းကောင်း၊ အောက်ခြေတွင် ဝါးပင်(၃)ပင်နှင့်ဝါးကိုင်းများမှ ဝါးရွက်များထွက်နေသည့်ပုံစံတွင် BAMBOO FIBER ဟူသောစာတန်းကိုလည်းကောင်းဖော်ပြထားသည်။ ဘူးခွံနှစ်မျိုးမှာ ထပ်တူနီးပါတူညီသည်ကိုတွေ့မြင်ရသည်။

သက်သေခံ(င-၆)နှင့် တရားပြိုင်တို့အသုံးပြုသည့် သက်သေခံ(စ-၆)တို့မှာ အနက်ရောင်ဘူးခွံအသေးများဖြစ်သည်။ (င-၆)ဘူးခွံတွင် ဘူးခွံ၏လက်ဝဲဘက်အထက်ထောင့်တွင် ကျားခေါင်းပုံပါရှိပြီး ထိုပုံအောက်တွင် KLASOR ဟူသောစာတန်းပါရှိသည်။ ညာဘက်အထက်ထောင့်တွင် အနီရောင်အကွက်ငယ်၌ MEN'S UNDERWEAR ဟူသောစာတန်းကို အထက်မှအောက်သို့အနေအထားဖြင့်ဖော်ပြထားသည်။ ထိုဘူးခွံပေါ်တွင် မင်းသားအောင်ရဲလင်းက KLASOR ဘောင်းဘီကိုသာဝတ်ဆင်ထားပြီး ဘယ်ဘက်လက်ကိုကွေး၍ ခါးနေရာတွင် နောက်သို့ပစ်ထားသည့်ပုံပါရှိသည်။ ထို့ပြင် ဘယ်ဘက်ဘေးအစွန်တွင် KLASOR ဟူသော စကားလုံးကိုစာလုံးကြီးပုံစံဖြင့် အထက်မှအောက်သို့ဖော်ပြသည့်ပုံပါရှိသည်။

တရားပြိုင်တို့အသုံးပြုသည့် သက်သေခံ(စ-၆)ဘူးခွံတွင် ဒုံးပျံပုံနှင့်ROCKET ဟူသောစာသားကို လက်ယာဘက်အထက်ထောင့်တွင်လည်းကောင်း၊ MEN'S UNDERWEAR ဟူသောစာတန်းကို လက်ဝဲဘက်အထက်ထောင့်တွင် အနီရောင်အောက်ခံပေါ်၌အထက်မှအောက်သို့ရေးသည့်ပုံစံဖြင့်လည်းကောင်း၊ ဘူးခွံပေါ်တွင် နိုင်ငံခြားမင်းသားတစ်ဦးက ဘောင်းဘီတိုကိုသာ ဝတ်ဆင်ထားပြီး ဘယ်ဘက်လက်ကိုကွေး၍ ခါးနေရာတွင် နောက်သို့ပစ်ထားသည့်ပုံကိုလည်းကောင်းဖော်ပြထားပြီး ROCKET ဟူသောစကားလုံးကို ညာဘက်ဘေးတွင် အောက်မှအထက်သို့ရေးသည့်စာလုံးကြီးပုံဖြင့်ဖော်ပြထားသည်။

ဘူးခွံအသေးများ၏ကျောဘက်တွင် ထည့်သွင်းထားရှိသည့်ဘောင်းဘီကို မြင်တွေ့နိုင်စေရန်အတွက် ပလတ်စတစ်အကြည်ကပ်ထားသည့်နေရာရှိပုံစံမှာ "ဆဌဂံ"ပုံစံအဖြစ်တူညီနေပြီး ထားရှိသည့်နေရာအကွာအဝေး၊ ဘူးပေါ်တွင်စာသားဖော်ပြထားသည့်အနေအထားတို့ပါတူညီလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ဘူးခွံတွင် မျက်နှာစာ(၆)ခုပါရှိရာ အောက်ခြေမျက်နှာစာပိုင်းတွင် EX-

မိတ္တူမှန်

မိတ္တူကူးစာရေး

AMINATION CERTIFICATE ဆိုင်ရာအချက်အလက်များကို ဖော်ပြထားသည့်အနေအထား မှာ လည်း တူညီလျက်ရှိသည်ကိုတွေ့ရသည်။

ခြုံ၍ဆိုရလျှင် ယင်းဘူးခွံနှစ်မျိုးမှာလည်း ဆင်တူရိုးမှားဖြစ်နေသည်ကိုတွေ့ရှိရသည်။

သက်သေခံအဖြစ်တင်ပြထားသည့် ဘူးခွံများကို နှိုင်းယှဉ်ကြည့်ရှုရမှုနှင့်သက်သေခံချက်များအရတရားလိုကထုတ်လုပ်ဖြန့်ချိရောင်းချနေသည့်အမျိုးသားဝတ်အတွင်းခံဘောင်းဘီတိုများထည့်သွင်းသည့်ဘူးပုံစံများကို နောက်ပိုင်းတွင်မှ တရားပြိုင်တို့က ဆင်တူရိုးမှားပြုလုပ်ကာရောင်းချခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

သို့ဖြစ်ရာ ဤငြင်းချက်အပေါ် တရားလိုဘက်သို့အသာပေးပြီး မှန်ကန်ကြောင်းဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ်(၂)</u>

တရားလိုဦးကြည်ယုန်က ယခင်က ၎င်းရောင်းချသည့်အတွင်းခံဘောင်းဘီများကို ဘူးပေါင်းဒါဇင်(၃၀၀)ကျော်ရောင်းချရပြီး ယခုအခါ ဒါဇင်(၁၅၀)ခန့်သာရောင်းရသဖြင့် ရောင်းအားသိသိသာသာကျဆင်းသွားကြောင်းထွက်ဆိုသည်။ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မေဝင်း(လိုပြ-၁)က ၎င်းတို့၏ကုန်ပစ္စည်းများကို ယခင်က (၁)လလျှင် ကျပ်သိန်း(၃၀၀)နီးပါးဖိုးရောင်းချရသော်လည်း ယခုနောက်ပိုင်းတွင်ရောင်းအားသိသိသာသာကျဆင်းလာပြီး ကျပ်သိန်း(၁၀၀)ကျော်ဖိုးခန့်သာရောင်းချရကြောင်း၊ ၂၀၁၆ခုနှစ်မှစ၍ (၁)လလျှင် ကျပ်သိန်း(၆၀/၈၀/၁၀၀)ခန့်နစ်နာလျက်ရှိကြောင်းထွက်ဆိုသည်။

ဒေါ်ခင်မေဝင်း၏ညီမဖြစ်သူ ဒေါ်ခင်နှင်းယုဝေ(လိုပြ-၂)၊ တရားလို၏ဆိုင်ဝန်ထမ်းဖြစ်သူ ဦးမျိုးဇော်အောင်(လိုပြ-၃)တို့က ရောင်းအားကျဆင်းမှုရှိသည်ဟုသာထွက်ဆိုပြီး (၁)လလျှင် တန်ဖိုးငွေမည်မျှဆုံးရှုံးကြောင်းကိုထွက်ဆိုထားကြခြင်းမရှိပေ။

တရားပြိုင်ဦးကျော်ကျော်မိုးနှင့်တရားပြိုင်ဦးအောင်မျိုးလှိုင်တို့က တရားလို၏ဆုံးရှုံးမှုကိစ္စအပေါ် ထွက်ဆိုထားခြင်းမရှိချေ။ တရားလိုဘက်က ပြန်လှန်စစ်မေးရာ၌လည်း ၎င်းအနေဖြင့် လစဉ်မည်မျှဆုံးရှုံးလျက်ရှိသည်ဆိုသောအချက်ကို ဖော်ထုတ်မေးမြန်းထားခြင်းမရှိပေ။

တရားလိုအနေဖြင့် ၎င်း၏ကုန်ပစ္စည်းရောင်းအားကျဆင်းသွားသဖြင့် လစဉ်ကျပ်သိန်း(၃၀)ဖိုးခန့်ဆုံးရှုံးနစ်နာနေရသည်ဟုနှုတ်ဖြင့်ထွက်ဆိုသော်လည်း အထောက်အထားဖြစ်စေသည့်အရောင်းဘောင်ချာများကိုနှိုင်းယှဉ်တင်ပြခြင်းမရှိချေ။ ယခင်ကရောင်းချသည့်ဘောင်ချာများနှင့် တရားပြိုင်ဘက်ကထုတ်လုပ်ရောင်းချလာသည့်ကာလအတွင်း တရားလိုများရောင်းချသည့်ဘောင်ချာများကိုနှိုင်းယှဉ်ကြည့်နိုင်မှသာ ရောင်းချရသည့်တန်ဖိုးကွာခြားချက်ကိုသိရှိနိုင်မည်ဖြစ်သည်။ ယင်းသို့တင်ပြရန်မှာ အဆိုပြုတောင်းဆိုသူတရားလိုဘက်တွင် သက်သေခံအက်ဥပဒေ

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

ပုဒ်မ ၁၀၁အရ တာဝန်ရှိခြင်းဖြစ်သည်။ တရားပြိုင်ဘက်က သက်သေပြရန်တာဝန်ရှိသောအချက်မဟုတ်ချေ။

တရားလို၏ရှေ့နေက သက်သေခံ(ဒ)မှ(ဒ-၁၂)ထိ တင်ပြထားသည့် တရားလို၏ကုန်ရောင်းပြေစာများအရ ၂၀၁၈ခုနှစ်အတွင်း ဖြတ်ပိုင်း(၆)စောင်၏ရောင်းအားမှာ (၂၂၃၄၄၀၀)ဖြစ်ပြီး ၂၀၁၉ခုနှစ်အတွင်း ဖြတ်ပိုင်း(၇)စောင်၏ရောင်းအားမှာ (၂၇၉၃၂၀၀)ဖြစ်ကြောင်း တင်ပြသည်။ ယင်းအချက်အရဆိုပါက ရောင်းအားမှာ ဆက်လက်ကျဆင်းလျက်ရှိသည်ဟုဆိုရန်ခဲယဉ်းမည်ဖြစ်သည်။

တရားပြိုင်ဘက်က ဆင်တူယိုးမှားပြုလုပ်ကာရောင်းချမှုပြုသည့်အတွက် တရားလို၏ကုန်ပစ္စည်းများရောင်းအားကျဆင်းမှုရှိသည်ဆိုခြင်းမှာ သဘာဝယုတ္တိအားဖြင့်လက်ခံထိုက်သည်ဖြစ်သော်လည်း (၁)လလျှင်ကျပ်သိန်း(၃၀)ဖိုးခန့်ဆုံးရှုံးနစ်နာနေရသည်ဆိုခြင်းမှာမူ ထင်ရှားပေါ်ပေါက်ခြင်းမရှိဟုတွေ့ရှိရသည်။

ထို့ကြောင့် ဤငြင်းချက်အပေါ် တရားပြိုင်ဘက်သို့အသာပေးပြီး မှန်ကန်မှုမရှိကြောင်းဖြေဆိုလိုက်သည်။

## ငြင်းချက်အမှတ် (၃)

တရားလိုနှင့်တရားပြိုင်တို့ အချင်းဖြစ်ပွားစဉ်က ၂၀၁၉ခုနှစ်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကိုပြဋ္ဌာန်းရခြင်းမရှိသေးချေ။ သို့သော် **"ဦးကျော် နှင့် ဦးဘအေး"**[၁]အမှုတွင် ထုံးဖွဲ့ချက်အရ အချိန်စော၍အသုံးပြုသူက ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်အခွင့်အရေးကို ရပိုင်ခွင့်ရှိမည်ဖြစ်သည်။

ငြင်းချက်အမှတ်(၁)ကိုဖြေဆိုချက်အရ အငြင်းပွားလျက်ရှိသည့် ထုပ်ပိုးသည့်ဘူးဒီဇိုင်းကို တရားလိုက စတင်အသုံးပြုခဲ့ပြီး တရားပြိုင်များက ဆင်တူရိုးမှားတုပကာ အသုံးပြုခြင်းဖြစ်သည်မှာ မှန်ကန်သည်ဟုပေါ်ပေါက်ပြီးဖြစ်သည်။

တရားလိုက ၎င်း၏ကုန်ပစ္စည်းကိုရောင်းချရန်အတွက် ဈေးကွက်အတွင်းရှိ နာမည်ကြီးအမှတ်တံဆိပ်များကိုလေ့လာပြီး မတူညီသည့်ဒီဇိုင်းဖြင့်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နာမည်ရရှိစေရန်အတွက် သရုပ်ဆောင်အောင်ရဲလင်းကိုငှားရမ်းပြီး ကြော်ငြာခဲ့ကြောင်းတို့ကိုထွက်ဆိုထားသည်။ တရားပြိုင်များကမူ ထိုသို့ဆောင်ရွက်ခဲ့သည်ဟုတင်ပြနိုင်ခြင်းမရှိချေ။ သူတစ်ပါးကငွေကြေးအရင်းအနှီးစိုက်ထုတ်၍ ဈေးကွက်အတွင်းသို့ထိုးဖောက်ဝင်ရောက်လာသည့်အခါတွင်မှ ဆင်တူရိုးမှားပြုလုပ်ကာ အမျိုးတူပစ္စည်းများကိုယှဉ်ပြိုင်ရောင်းချခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။ ထိုသို့ပြုလုပ်သည်မှာ တရားလို၏အကျိုးစီးပွားကိုထိခိုက်နစ်နာစေမည်ဖြစ်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၄တွင် တရားပြိုင်သည် ပစ္စည်း၌ တရား

---

၁။ ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်)၊ စာ-၁၈၇။

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

ဆန္ဒစိုးရအမှုဒ
ခရိုင်တရားသူကြီးတရားလက်ထောက်

လို၏အခွင့်အရေး သို့မဟုတ် ခံစားခွင့် (right to or enjoyment of property)ကို ထိပါးလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင်၊ ထိုသို့ထိပါးခြင်းကြောင့် အမှန်တကယ်ပျက်စီးနစ်နာမှုကိုသိသာစေသည့်စံနှုန်းမရှိလျှင် ထာဝရတားဝရမ်းကိုခွင့်ပြုနိုင်ကြောင်းပြဌာန်းထားသည်။

ယင်းပြဌာန်းချက်၏ ဥပမာ(ဗ)တွင် အေသည် ဘီ၏ကုန်အမှတ်တံဆိပ်ကို မတော်မတရားသုံးစွဲ၏။ ဘီသည် ထိုကုန်အမှတ်တံဆိပ်ကိုရိုးသားစွာအသုံးပြုလျက်ရှိလျှင် ဘီသည် ထိုသို့အသုံးပြုခြင်းကိုတားဆီးသည့်တားဝရမ်းရရှိနိုင်ကြောင်းပြဆိုထားသည်။

ယခုအမှုတွင် တရားလိုသည် ဘောင်းဘီဘူးဒီဇိုင်းကိုတီထွင်၍ ရိုးသားစွာအသုံးပြုလျက်ရှိသည့်အခြေအနေရှိပြီး တရားပြိုင်များက တုပအသုံးပြုခြင်းဖြစ်သဖြင့် တရားလိုမှာ တောင်းဆိုသည့် ထာဝရတားဝရမ်းကိုရရှိထိုက်မည်ဖြစ်သည်။

ထို့ကြောင့် ဤငြင်းချက်အပေါ် တရားလိုဘက်သို့အသာပေးပြီး တရားလိုသည် ယခုအချင်းဖြစ်ကိစ္စအတွက် ထာဝရတားဝရမ်းရထိုက်ခွင့်ရှိကြောင်း ဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ် (၄)</u>

တရားလို၏ရှေ့နေက တရားလိုသည် ငွေကြေးများစွာကုန်ကျခံပြီး ဈေးကွက်အတွင်း ထိုးဖောက်နိုင်ရန်ကြိုးစားဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံခြားကုမ္ပဏီနှင့်ပူးတွဲဆောင်ရွက်ရန် ကမ်းလှမ်းမှုရှိခဲ့ပြီး တရားပြိုင်တို့က တုပထုတ်လုပ်ရောင်းချသဖြင့် လုပ်ငန်းရှင်ကနောက်ဆုတ်သွားခဲ့ကြောင်း၊ ငွေကြေးအရလည်းကောင်း၊ ကိုယ်စိတ်အရလည်းကောင်းများစွာဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ ကုစား၍မရနိုင်သော နစ်နာဆုံးရှုံးများဖြစ်၍ တောင်းဆိုသည့်နစ်နာကြေးငွေကိုရထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

တရားပြိုင်များ၏ရှေ့နေကမူ တရားလို၏ဘူးဒီဇိုင်းကို ဆင်တူရိုးမှားတုပကာထုတ်လုပ်ရောင်းချခြင်းမရှိသဖြင့် တရားလိုကနစ်နာကြေးရထိုက်ခွင့်မရှိကြောင်းတင်ပြသည်။

စီးပွားရေးနယ်ပယ်တွင် မိမိဖန်တီးထုတ်လုပ်လိုက်သည့်ကုန်ပစ္စည်းကို သုံးစွဲသူတို့ နှစ်ခြိုက်လက်ခံစေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို အသုံးပြုပြီး ငွေကြေးအရင်းအနှီးစိုက်ထုတ်၍ဆောင်ရွက်ကြရခြင်းဖြစ်သည်။ အောင်မြင်မှုများရှိသလို ဆုံးရှုံးမှုများကိုခံစားကြရသူများလည်းရှိသည်။ အောင်မြင်မှုရရှိလာသည့်အခါ အကျိုးအမြတ်ကိုခံစားလိုသူများက ဆင်တူရိုးမှားတုပကာ ထုတ်လုပ်ရောင်းချမှုများပြုလုပ်ကြလေ့ရှိသည်။ ထိုသို့ပြုလုပ်သူများကို အရေးယူမှုပြုကာ တားဆီးကြရမည်ဖြစ်သည်။ မူလရင်းနှီးမြှုပ်နှံသူတို့၏ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စဖြင့် တီထွင်ဖန်တီးမှုကို ကာကွယ်စောင့်ရှောက်မှုပေးရန်လိုအပ်သည်။ လျော်ကြေးပေးစေခြင်းသည် မူလတီထွင်ဖန်တီးသူအား ကာကွယ်ပေးခြင်းတစ်မျိုးဖြစ်သည်ဟုဆိုနိုင်သည်။

တရားပြိုင်၏မတရားသောပြုလုပ်မှုကြောင့် တရားလိုတွင်နစ်နာရမှုအတွက် ဥပဒေကခွင့်ပြုထားသည့်လျော်ကြေးငွေမှာ အထွေထွေလျော်ကြေးဖြစ်ပြီး တောင်းဆိုသူတရားလိုက

မှန်ကန်သောမိတ္တူမှန်

၇-၁၁-၂၀၁၉
ထိုးမှတ်ရုံး

မိတ္တူကူးစာရေး

အဆိုလွှာတွင် တစ်လုံးတစ်ခဲတည်းခန့်မှန်း၍ဖော်ပြနိုင်ကြောင်း **"ဒေါ်မိမိကျော် နှင့် ဒေါ်နန်းအေးအေး"**(၂) အမှုတွင် ညွှန်ပြထားသည်။

တရားပြိုင်က တုပထုတ်လုပ်ရောင်းချသည့်အတွက် တရားလိုတွင် လစဉ်ကျပ်သိန်း(၃၀)ဖိုးခန့်နစ်နာဆုံးရှုံးရလျက်ရှိသည်ဆိုခြင်းမှာ မှန်ကန်သည်ဟုထင်ရှားခြင်းမရှိသော်လည်း နစ်နာဆုံးရှုံးရမှုဖြစ်ပေါ်မည်မှာ ဧကန်ဖြစ်သဖြင့် တရားရုံးက ချိန်ဆသတ်မှတ်ပေးသင့်မည်ဖြစ်သည်။

တရားလိုက ကိုယ်ပိုင်စိတ်ကူးဉာဏ်ကိုအသုံးပြု၍ တီထွင်ဖန်တီးခဲ့မှု၊ ငွေကြေးအကုန်အကျခံ၍ လူသိများအောင်ကြော်ငြာခဲ့မှု၊ ဈေးကွက်အတွင်း ထိုက်သင့်သည့်အနေအထားဖြင့် ရပ်တည်နိုင်ခဲ့မှုတို့နှင့် ထိုအခြေအနေကိုထိပါးခံရမှု၊ တရားဥပဒေ၏အကာအကွယ်ကိုရရှိနိုင်စေရန်အတွက် တရားစွဲဆိုရမှုတို့အား ချိုင့်စဉ်းစားပါက နစ်နာကြေးငွေကျပ်သိန်း(၅၀၀)သတ်မှတ်လျှင်သင့်မြတ်လျော်ကန်မှုရှိမည်ဟုယူဆသည်။ တောင်းဆိုသည့်အတိုင်း အပြည့်အဝခွင့်ပြုရန်အတွက်မူ ခိုင်လုံသင့်လျော်မှုမရှိဟုယူဆသည်။

ထို့ကြောင့် ဤငြင်းချက်အပေါ် မှန်ကန်မှုမရှိကြောင်းဖြေဆိုလိုက်သည်။

<u>ငြင်းချက်အမှတ် (၅)</u>

အထက်ပါငြင်းချက်အသီးသီးကိုဖြေဆိုချက်အရ ဤငြင်းချက်နှင့်စပ်လျဉ်း၍ တရားလိုသည် ၎င်း၏ဘူးဒီဇိုင်းများနှင့်စပ်လျဉ်း၍တရားပြိုင်များအပေါ် ထာဝရတားဝရမ်းရရှိထိုက်ကြောင်းနှင့် နစ်နာကြေးငွေ ကျပ်သိန်း(၅၀၀)ရရှိထိုက်ကြောင်း ဖြေဆိုလိုက်သည်။

ထို့ကြောင့် တရားလိုက မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၂၄၅၉/၂၀၁၆၊ ၂၄၆၀/၂၀၁၆၊ ၂၄၆၁/၂၀၁၆၊ ၂၄၆၂/၂၀၁၆တို့အရ မှတ်ပုံတင်ကာအသုံးပြုလျက်ရှိသည့် ဘောင်းဘီဘူးဒီဇိုင်းများကို တရားပြိုင်များက ပုံစံတူဆင်တူရိုးမှား ပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန် ထာဝရတားဝရမ်းထုတ်ဆင့်ပေးလိုက်သည်။

ထို့ပြင် တရားပြိုင်များသည် တရားလိုထံသို့ နစ်နာကြေးငွေကျပ်သိန်း(၅၀၀) (ကျပ်သိန်းငါးရာ)ကိုလည်း ပေးလျော်စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချထားပေးလိုက်သည်။

ရှေ့နေစရိတ် ၄၅၀၀ကျပ် သတ်မှတ်သည်။

( ကြည်သိန်း )
တရားသူကြီး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

မှန်ကန်ကြောင်း မိတ္တူမှန်
ပြန်လည်တင်ပြသူ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

---

၂။ ၁၉၉၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၇။

မိတ္တူကူးစာရေး